## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်
( ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၅၀ အရ ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်းသည့် စစ်မှန်ကြောင်း သက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန် လျှောက်ထားရာတွင် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းရန် လိုအပ်သဖြင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၅၇ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ လိုက်နာဆောင်ရွက်ရန် အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို **ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်းသည့် စစ်မှန်ကြောင်း သက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန် လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **"ဥပဒေ"** ဆိုသည်မှာ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကို ဆိုသည်။

( ခ) **"ပြည်တွင်းအနုညာတဆုံးဖြတ်ချက်"** ဆိုသည်မှာ ပြည်တွင်းအနုညာတခုံရုံး၏ ဆုံးဖြတ်ချက်ကို ဆိုသည်။ ယင်းစကားရပ်တွင် ကြားဖြတ်ဆုံးဖြတ်ချက်လည်း ပါဝင်သည်။

( ဂ) **"စစ်မှန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးခြင်း"** ဆိုသည်မှာ အနုညာတသဘောတူညီချက် သို့မဟုတ် ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို ဥပဒေပုဒ်မ ၅၀ ပုဒ်မခွဲ (က) အရ ခန့်အပ်ခြင်းခံရသော အခွင့်ရအရာရှိက မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးပြီး၍ မူရင်းပေါ်တွင် စစ်မှန်ကြောင်း တာဝန်ခံလက်မှတ်ရေးထိုးခြင်းကို ဆိုသည်။

(ဃ) **“တာဝန်ခံမိတ္တူမှန်ဖြစ်ကြောင်း ထောက်ခံခြင်း”** ဆိုသည်မှာ အနုညာတသဘောတူညီချက် သို့မဟုတ် ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်ထားသော မိတ္တူကို ဥပဒေပုဒ်မ ၅၀ ပုဒ်မခွဲ (က) အရ ခန့်အပ်ခြင်းခံရသော အခွင့်ရအရာရှိက မူရင်းနှင့် တိုက်ဆိုင်စစ်ဆေး၍ မှန်ကန်ကြောင်းနှင့် တာဝန်ခံမိတ္တူမှန်ဟူ၍ တံဆိပ်ရိုက်နှိပ်ကာ တာဝန်ခံမိတ္တူမှန်ဖြစ်ကြောင်း ထောက်ခံခြင်းကို ဆိုသည်။

## အခန်း (၂)
## ရထိုက်ခွင့်ရှိသူများ

၃။ အနုညာတသဘောတူညီချက် သို့မဟုတ် ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ချက်၊ ထိုဆုံးဖြတ်ချက်မှ ပေါ်ပေါက်လာသော လျှောက်ထားမှုများ၊ ကြားဖြတ်အမိန့်များ၊ အမိန့်များကို ခုံသမာဓိကဖြစ်စေ၊ တရားလိုကဖြစ်စေ၊ တရားပြိုင်ကဖြစ်စေ၊ ထိုသူတို့၏ အခွင့်ရကိုယ်စားလှယ်ကဖြစ်စေ၊ ထိုသူတို့၏ရှေ့နေကဖြစ်စေ စစ်မှန်ကြောင်း သက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူကို ရထိုက်ခွင့်ရှိသည်။

၄။ ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် အငြင်းပွားသူများ၏ စာဖြင့်ရေးသားထားသော သဘောတူညီချက်မရရှိဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အငြင်းပွားသူများ၏ ကိုယ်ရေးအချက်အလက်များ အပါအဝင် ပြည်တွင်းအနုညာတဆုံးဖြတ်ချက် သို့မဟုတ် အနုညာတသဘောတူညီချက်ပါ အချက်တစ်ရပ်ရပ်ကို အခြားသူသို့ ထုတ်မပေးရ။

## အခန်း (၃)
## လျှောက်ထားခြင်း

၅။ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအရ စစ်မှန်ကြောင်း သက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန် လျှောက်ထားလိုသူသည် လျှောက်လွှာ **(နောက်ဆက်တွဲ-က)** ပုံစံတွင် လိုအပ်သည်များကို ရေးသားဖြည့်စွက်၍ ထိုလျှောက်လွှာပေါ်တွင် ရုံးခွန်အက်ဥပဒေအရ လျှောက်လွှာအတွက် သတ်မှတ်ထားသော ရုံးခွန်တံဆိပ်ခေါင်းကပ်ပြီး လျှောက်သူကိုယ်တိုင်ကဖြစ်စေ၊ ၎င်း၏ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ကဖြစ်စေ လက်မှတ်ရေးထိုးကာ ဥပဒေပုဒ်မ ၅၀၊ ပုဒ်မခွဲ (က) အရ ခန့်အပ်ထားသည့် အခွင့်ရအရာရှိထံ လျှောက်ထားရမည်။

၆။ ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ချက်အတွက် စစ်မှန်ကြောင်း သက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန် လျှောက်ထားခြင်းဖြစ်ပါက လျှောက်ထားသူသည် သက်ဆိုင်ရာ အနုညာတဖြေရှင်းရေးအဖွဲ့ထံမှ အနုညာတသဘောတူညီချက် မူရင်း သို့မဟုတ် မိတ္တူမှန်၊ အနုညာတနည်းဖြင့် ဖြေရှင်းရန် အကြောင်းကြားစာ မူရင်း သို့မဟုတ် မိတ္တူမှန်၊ ခုံသမာဓိခန့်အပ်ကြောင်း သို့မဟုတ် ခန့်အပ်ခြင်းကို လက်ခံကြောင်း အထောက်အထား မူရင်း သို့မဟုတ် မိတ္တူမှန်၊ အနုညာတစီရင်ဆုံးဖြတ်ချက်မူရင်းတို့ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၇။ အနုညာတ သဘောတူညီချက်အတွက် စစ်မှန်ကြောင်း သက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန် လျှောက်ထားခြင်းဖြစ်ပါက လျှောက်ထားသူသည် သက်ဆိုင်ရာ အနုညာတဖြေရှင်းရေးအဖွဲ့ထံမှ သီးခြားသဘောတူညီချက်ဖြစ်လျှင် အဆိုပါ သဘောတူညီချက် မူရင်း သို့မဟုတ် မိတ္တူမှန်၊ အနုညာတသဘောတူညီချက်မှာ စာပိုဒ်ပုံစံဖြစ်ပါက အဆိုပါစာပိုဒ် ကောက်နုတ်ချက် မူရင်း သို့မဟုတ် မိတ္တူမှန်ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

## အခန်း (၄)
## စစ်မှန်ကြောင်း သက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန် ထုတ်ပေးခြင်း

၈။ ဥပဒေပုဒ်မ ၅၀၊ ပုဒ်မခွဲ (က) အရ ခန့်အပ်ထားသည့် အခွင့်ရအရာရှိက လျှောက်လွှာပါ အနုညာတဖြေရှင်းရေးအဖွဲ့များထံ ဆက်သွယ်၍ အနုညာတစီရင်ဆုံးဖြတ်ခြင်း အမှုတွဲများကို တောင်းယူစိစစ်ပြီးနောက် စစ်မှန်ကြောင်း တွေ့ရှိပါက ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ရုံးခွန် အက်ဥပဒေ၊ အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာနည်းဥပဒေများနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ စစ်မှန်ကြောင်း သက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန်ကို ထုတ်ပေးရမည်။

၉။ အနုညာတဖြေရှင်းရေးအဖွဲ့များထံမှ တောင်းယူပြီး စစ်မှန်ကြောင်း သက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန် ထုတ်ပေးလိုက်သည့် အနုညာတစီရင်ဆုံးဖြတ်ခြင်း အမှုတွဲများကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ပြန်လည်ပေးပို့ရမည်ဖြစ်ပြီး အဆိုပါ အမှုတွဲမိတ္တူများကို ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာနတွင် (၃) နှစ်အထိ သိမ်းဆည်းထားမည်ဖြစ်သည်။

၁၀။ စစ်မှန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးရာတွင် ပြည်တွင်းအနုညာတဆုံးဖြတ်ချက် သို့မဟုတ် အနုညာတသဘောတူညီချက် မူရင်းတွင် ရေးသားထားသည့် ဘာသာရပ် (မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ) အပေါ်တွင်သာ စစ်မှန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးမည်ဖြစ်ပြီး ဘာသာပြန်ဆိုပေးမည်မဟုတ်ပါ။

## အခန်း (၅)
## စစ်မှန်ကြောင်း သက်သေခံလက်မှတ်နှင့် တာဝန်ခံမိတ္တူမှန်အတွက် နှုန်းထားများ

၁၁။ စစ်မှန်ကြောင်း သက်သေခံလက်မှတ်နှင့် တာဝန်ခံမိတ္တူမှန်များကို အောက်ပါနှုန်းထား အတိုင်း ကောက်ခံရမည်-

(က) ပြည်တွင်းအနုညာတဆုံးဖြတ်ချက်အတွက် စစ်မှန်ကြောင်း သက်သေခံ လက်မှတ် တစ်စုံလျှင် သုံးသောင်းကျပ်နှုန်း ကောက်ခံရန်၊

(ခ) ပြည်တွင်းအနုညာတဆုံးဖြတ်ချက်အတွက် တာဝန်ခံမိတ္တူမှန် တစ်စုံလျှင် တစ်သောင်းကျပ်နှုန်း ကောက်ခံရန်၊

(ဂ) အနုညာတသဘောတူညီချက်အတွက် စစ်မှန်ကြောင်း သက်သေခံလက်မှတ် တစ်စုံလျှင် တစ်သောင်းကျပ်နှုန်း ကောက်ခံရန်၊

(ဃ) အနုညာတသဘောတူညီချက်အတွက် တာဝန်ခံမိတ္တူမှန် တစ်စုံလျှင် တစ်သောင်းကျပ်နှုန်း ကောက်ခံရန်။

၁၂။ ဥပဒေပုဒ်မ ၅၀၊ ပုဒ်မခွဲ (က) အရ ခန့်ထားသည့် အခွင့်ရအရာရှိသည် စစ်မှန် ကြောင်း သက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန် ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ နှစ်စဉ် အစီရင်ခံစာကို ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။

( ထွန်းထွန်းဦး )
ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၈ / ၅ / ပတခ (၆၇/၂၀၂၁)
ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ
တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အားလုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးအားလုံး

အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

လက်ထောက်အတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးအားလုံး

ခရိုင်တရားရုံးအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။

ရုံးလက်ခံ/မျှောစာတွဲ

## အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအရ
## စစ်မှန်ကြောင်း သက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန် လျှောက်လွှာ

၁။ လျှောက်သူ၏အမည်/အဖွဲ့အစည်း ---------------------------

၂။ လျှောက်ထားလိုသောအနုညာတစီရင်ဆုံးဖြတ်မှုဆိုင်ရာအမှုတွဲ

(က) အနုညာတစီရင်ဆုံးဖြတ်မှုဆိုင်ရာအမှုတွဲအမှတ် (ရှိပါက) ---------------------------

(ခ) ဆုံးဖြတ်ချက်ချမှတ်သည့် အနုညာတဖြေရှင်းရေးအဖွဲ့
အမည်/မှတ်ပုံတင်အမှတ် ---------------------------

(ဂ) ခုံသမာဓိအမည်များနှင့် ကိုယ်ရေးအချက်အလက်များ
အမည်၊ ---------------------------
မှတ်ပုံတင်/ပတ်စ်ပို့နံပါတ်၊ ---------------------------
ရာထူး/လိုင်စင်၊ ---------------------------
လိပ်စာ၊ ---------------------------
(ဖုန်း/ဖက်စ်/အီးမေးလ်) ---------------------------

(ဃ) အမှုသည်တို့၏အမည်များနှင့် ကိုယ်ရေးအချက်အလက်များ
တရားလိုအမည်၊ ---------------------------
မှတ်ပုံတင်/ပတ်စ်ပို့နံပါတ်၊ ---------------------------
ရာထူး/လိုင်စင်၊ ---------------------------
လိပ်စာ၊ ---------------------------
(ဖုန်း/ဖက်စ်/အီးမေးလ်) ---------------------------
တရားပြိုင်အမည်၊ ---------------------------
မှတ်ပုံတင်/ပတ်စ်ပို့နံပါတ်၊ ---------------------------
ရာထူး/လိုင်စင်၊ ---------------------------
လိပ်စာ၊ ---------------------------
(ဖုန်း/ဖက်စ်/အီးမေးလ်) ---------------------------

(င) တရားလို/တရားပြိုင်ရှေ့နေများ၏ ကိုယ်ရေးအချက်အလက်များ
တရားလိုရှေ့နေအမည်၊ ---------------------------
မှတ်ပုံတင်/လိုင်စင်နံပါတ်၊ ---------------------------
ရာထူး/လိုင်စင်၊ ---------------------------
လိပ်စာ၊ ---------------------------
(ဖုန်း/ဖက်စ်/အီးမေးလ်) ---------------------------

တရားပြိုင်ရှေ့နေအမည် ----------------------------

မှတ်ပုံတင်/လိုင်စင်နံပါတ်၊ ----------------------------

ရာထူး/လိုင်စင်နံပါတ်၊ ----------------------------

လိပ်စာ၊ ----------------------------

(ဖုန်း/ဖက်စ်/အီးမေးလ်) ----------------------------

(စ) ဆုံးဖြတ်ချက်ချမှတ်သည့် နေ့စွဲ၊ နေရာ ----------------------------

(အနုညာတဆုံးဖြတ်ချက်)

(ဆ) သဘောတူလက်မှတ်ရေးထိုးသည့် နေ့စွဲ၊ နေရာ ----------------------------

(အနုညာတသဘောတူညီချက်)

၃။ လျှောက်လွှာတင်သောရက် ----------------------------

၄။ လျှောက်ထားသောစာရွက်စာတမ်းအမျိုးအစား

(က) အနုညာတဆုံးဖြတ်ချက်အတွက် စစ်မှန်ကြောင်း သက်သေခံလက်မှတ် ☐

(ခ) အနုညာတဆုံးဖြတ်ချက်အတွက် တာဝန်ခံမိတ္တူမှန် ☐

(ဂ) အနုညာတသဘောတူညီချက်အတွက် စစ်မှန်ကြောင်း သက်သေခံလက်မှတ် ☐

(ဃ) အနုညာတသဘောတူညီချက်အတွက် တာဝန်ခံမိတ္တူမှန် ☐

၅။ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းအမျိုးအစား

(က) အနုညာတဆုံးဖြတ်ချက်အတွက်ဖြစ်ပါက

(၁) အနုညာတသဘောတူညီချက် မူရင်း/မိတ္တူမှန် ☐

(၂) အနုညာတနည်းဖြင့်ဖြေရှင်းရန်အကြောင်းကြားစာ မူရင်း/မိတ္တူမှန် ☐

(၃) ခုံသမာဓိခန့်အပ်ကြောင်းနှင့်/သို့မဟုတ် ခန့်အပ်ခြင်းကိုလက်ခံကြောင်း အထောက်အထား မူရင်း/မိတ္တူမှန် ☐

(၄) အနုညာတဆုံးဖြတ်ချက် မူရင်း (မူရင်း) ☐

(ခ) အနုညာတသဘောတူညီချက်အတွက်ဖြစ်ပါက

(၁) သီးခြားသဘောတူညီချက်ဖြစ်ပါက အဆိုပါသဘောတူညီချက် မူရင်း/မိတ္တူမှန် ☐

(၂) အနုညာတသဘောတူညီချက်စာပိုဒ်ပုံစံဖြစ်ပါက အဆိုပါစာပိုဒ် ကောက်နုတ်ချက် မူရင်း/မိတ္တူမှန် ☐

၆။ မိတ္တူလျှောက်ထားလိုသည့် အရေအတွက် ( ) စုံ

၇။ ထမ်းဆောင်သည့် ရုံးခွန်တံဆိပ်ခေါင်း ------------------------------

၈။ လျှောက်ထားသူသည် အနုညာတစီရင်ဆုံးဖြတ်မှုနှင့် မည်သို့သက်ဆိုင်သည်

(က) အမှုသည်ကိုယ်တိုင် ☐

( ခ) ခုံသမာဓိလူကြီး/ခုံသမာဓိအဖွဲ့အစည်း ☐

၉။ အနုညာတစီရင်ဆုံးဖြတ်ခြင်းအမျိုးအစား

(က) Ad HOC ☐

( ခ) Institutional ☐

၁၀။ အနုညာတဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြစ်ပါက-

(က) မှတ်ပုံတင်အမှတ် ------------------------------

( ခ) ဆက်သွယ်ရန်လိပ်စာ ------------------------------

လျှောက်သူ၏လက်မှတ် --------------------

မှတ်ပုံတင်အမှတ် --------------------------

ရက်စွဲ၊ --------------------